ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း

# (P168254)

## ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်

## (ESMF)

### အနှစ်ချုပ်

(ဆွေးနွေးရန် မူကြမ်း)

ဒီဇင်ဘာလ၊ ၂၀၂၀

**မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း(FREDIP)**

**ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်**

ဤအနှစ်ချုပ်သည် မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (FREDIP) အတွက် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်(ESMF) အား အတိုချုပ် တင်ပြထားပါသည်။ ဦးစွာဆိုရသော် ယင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် သစ်တောသယံဇာတများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ၏ အရေးပါမှုကို သိရှိနားလည် စေရန်အလို့ငှာ သော့ချက်ကျသော ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ (Environmental and Social - E&S) အခြေခံအချက်အလက်နှင့် အခြေအနေများကို ဖော်ပြထားကာ နိုင်ငံအဝန်း သစ်တောပြုန်းတီးခြင်း နှင့် သစ်တောအဆင့်အတန်း (အတန်းအစား) ကျဆင်းခြင်း၏ အဓိက အကြောင်းရင်းများကိုလည်း ဖော်ပြထားသည်။ ဒုတိယအနေဖြင့် FREDIP လုပ်ငန်းစီမံကိန်း ကြောင့် ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ(E&S) အန္တရာယ်အလားအလာများ နှင့် သက်ရောက်မှုများကို ဆန်းစစ် ဖော်ပြထားသည်။ တတိယ အနေဖြင့် ယင်းသည် သတ်မှတ် ဖော်ပြထားသော အန္တရာယ်အလားအလာများ နှင့် သက်ရောက်မှုများကို ဖြေရှင်းရန်၊ စောင့်ကြပ် ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်းတို့ဆောင်ရွက်ရန်အတွက် နေရာဒေသအလိုက် ဆောင်ရွက် ထားရှိရမည့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများကို စိစစ်သုံးသပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်း နည်းလမ်းကို ဖော်ပြထားသည်။ စတုတ္ထအနေဖြင့် အဆိုပါ အန္တရာယ်များ နှင့် သက် ရောက်မှုများကို အောင်မြင်စွာ စီမံခန့်ခွဲရန် အဓိက ကျသည့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုများ၊ အဖွဲ့အစည်း ဖွဲ့စည်းပုံများ နှင့် လူသား နှင့် ဘဏ္ဍာငွေကြေး ရင်းမြစ်များများကို ဖော်ပြထားသည်။

FREDIP (စီမံကိန်း)၏ ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်သည် **"မြန်မာနိုင်ငံတွင် စီမံကိန်း ဆောင်ရွက် မည့် ဒေသများရှိ ဒေသခံပြည်သူများ အနေဖြင့် သစ်တောများမှ ရရှိမည့် အကျိုးကျေးဇူးများ ပိုမိုတိုးပွားလာစေရန် နှင့် ရေရှည်တည်တံ့စေသည့် ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်တော စီမံအုပ်ချုပ်မှုစနစ် ပိုမိုတိုးတက်ကောင်းမွန် လာစေရန်"** ဖြစ်သည်။ ပထဝီဝင်အနေအထားအရ စီမံကိန်းသည် ရောဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း တိုင်းဒေသကြီးများနှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော်တို့တွင် ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါဦးစားပေး တိုင်းဒေသကြီး များအတွင်း စီမံကိန်းသည် (၁) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန်

အလားအလာ အများဆုံးရှိသည့် (မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (MRRP) လျာထား သတ်မှတ်ချက်များအရ)၊ (၂) ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ဆင်းရဲမှုအညွှန်းကိန်းအရ ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးဖြစ်သော နှင့် (၃) ထင်းလောင်စာ ထုတ်ယူမှုကြောင့် တောအတန်းအစား ကျဆင်းမှု ဖြစ်နေသည့် အလေးပေးကာကွယ်ရမည့်နေရာများဟု ခန့်မှန်းထားသည့် မြို့နယ်များတွင် ဆောင်ရွက်သွားမည်။ မြေယာနှင့်သစ်တော အသုံးပြုမှု၊ ပိုင်ဆိုင်မှုများနှင့် စပ်လျဉ်း၍ အထိခိုက်မခံသည့် အနေအထားတွင် ပဋိပက္ခဖြစ်ပွားနေခြင်းမရှိသော၊ ပဋိပက္ခ ဖြစ်ပွားလာဖွယ် မရှိသော နေရာများတွင်သာ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် စီမံကိန်းအား ဦးဆောင်အကောင်အထည်ဖော်မည့် ဌာနဖြစ်သည်။

စီမံကိန်းသည် အပြန်အလှန်ဆက်စပ်နေသည့် အပိုင်းကြီး ၅ ခု ဖြင့် ဤရည်မှန်းချက်ကို ပံ့ပိုး ဆောင်ရွက်သွားမည်။

အပိုင်း ၁ ။ **ထုတ်လုပ်ရေးသစ်တောများ အပိုင်း**တွင် တာဝန်ယူမှုရှိသော သစ်တောများ ကြီးကြပ် အုပ်ချုပ်မှုကို ဒေသခံပြည်သူများထံသို့ လွှဲအပ်ပေးခြင်း နှင့် ရေရှည်တည်တံ့စေမည့် သစ်တောစိုက်ခင်းများ ကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်သာသည့် အခြေအနေများကို ဖန်တီးပေးခြင်း နည်းလမ်းများဖြင့် တောမရှိခဲ့သော နေရာများနှင့် တောပြုန်းသွားသည့် နေရာများတွင် သစ်တောစိုက်ခင်းများတည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောများ ပြန်လည်တည်ထောင်ခြင်းကို ပံ့ပိုးပေးမည့်၊ သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစား ကျဆင်းခြင်းကို ရှောင်ရှားစေမည့် လုပ်ငန်းဆောင်တာများကို ဘဏ္ဍာငွေ အထောက်အပံ့ပေးခြင်း။

အပိုင်း ၂ ။ **အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အပိုင်း**တွင် အပိုင်း ၁ အောက်၌ ပံ့ပိုးရန် ရည်ရွယ်ထားသော လက်ရှိနှင့် အသစ်တည်ထောင်မည့် (ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများအဖွဲ့ စုစုပေါင်း ၃၀၀၀ အထိ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများအဖွဲ့များကို ၎င်းတို့၏ ရိုးရာ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ နှင့် ရေရှည်တည်တံ့စေမည့် လုပ်ငန်းအသစ်များ လုပ်ဆောင်မှုကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် စတင် ဆောင်ရွက်နိုင်ရန် လှည့်ပတ်ရန်ပုံငွေထဲတွင် ရင်းနှီး

မြှုပ်နှံမှုများ ထည့်ဝင်ပေးခြင်း၊ ဆီလျော် ကိုက်ညီသည့် နည်းပညာအကူအညီများပေးခြင်း နှင့် အဖွဲ့အစည်း ဆိုင်ရာ ပံ့ပိုးကူညီခြင်းတို့ဖြင့် အထောက်အပံ့ပေးခြင်း

အပိုင်း ၃ ။**သစ်တောကာကွယ်ခြင်း အပိုင်း**တွင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းတွင် ဒေသခံပြည်သူများ ပိုမို ပူးပေါင်းပါဝင်လာစေခြင်း နှင့် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးကာ ဝင်ငွေပိုမို ရရှိစေမည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်စေခြင်းဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုကို ပိုမို အားကောင်းလာစေခြင်း။

အပိုင်း ၄ ။ **အဖွဲ့အစည်းများ အားကောင်းစေခြင်း နှင့် စီမံကိန်း စီမံခန့်ခွဲမှုအပိုင်း**တွင် သစ်တောဦးစီးဌာန၏ အဖွဲ့အစည်းဆိုင်ရာ ဆန်းစစ်ချက်အရ ဦးစားပေးလိုအပ်ချက်များကို အခြေခံ၍ သစ်တောရေးရာကဏ္ဍတွင် အခရာဖြစ်သော သစ်တောဦးစီးဌာန၏ ထိရောက်စွာ လုပ်ကိုင်နိုင်စွမ်း နှင့် စွမ်းဆောင်ရည် မြှင့်တင်ရာတွင် ရင်းနှီးမြှုပ်နှံခြင်း။ ဤအပိုင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ(E&S) အန္တရာယ်များ စီမံခန့်ခွဲမှု၊ အသိပေးဆက်သွယ်မှုများ၊ ရေတိုနည်းပညာ အထောက်အပံ့၊ နစ်နာမှုတိုင်ကြားချက်များ စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ အလုပ်များ/ပစ္စည်း ခေါ်ယူခြင်းနှင့်ဝယ်ယူခြင်း၊ စီမံကိန်းစီမံခန့်ခွဲမှု၊ ဝန်ထမ်းများ အတွက် လိုအပ်ချက်များ ထောက်ပံ့ပေးခြင်း၊ စီမံကိန်းအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်း နှင့် လုပ်ငန်းလည်ပတ်မှုအတွက် ကုန်ကျစရိတ်များ အပါအဝင် စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်တာများကိုဘဏ္ဍာငွေ ထောက်ပံ့ခြင်းပါဝင်သည်။

အပိုင်း ၅ ။**အရေးပေါ်အခြေအနေတုံ့ပြန်မှုအစီအစဉ်** (Contingency Emergency Response Component – CERC) – အရေးပေါ် အခြေအနေ တစ်ခုဖြစ်လာပါက အစိုးရအနေဖြင့် လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းနိုင်စေရန် CERC (လောလောဆယ်တွင် ငွေကြေး လျာထားခြင်း မရှိပါ) ကို ရေးဆွဲထားကာ အကောင်အထည်ဖော်ရန် အသင့်အနေအထား ဖြစ်အောင် ဆောင်ရွက်ထားပါမည်။ CERC အသက်ဝင်လာလျှင် ဤ ESMF တွင် ထည့်သွင်း၍ သို့မဟုတ် သီးခြား CERC-ESMF တစ်ခု လိုအပ်သလို ရေးဆွဲပြုစုကာ ထုတ်ပြန်နိုင်သည်။

အချုပ်ဆိုရသော် FREDIP လုပ်ငန်းစီမံကိန်းသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများမှ အကျိုးကျေးဇူးများ အများဆုံးရရှိရန် မြန်မာနိုင်ငံ၏ လုပ်ကိုင်နိုင်စွမ်းကို လတ်တလောတွင် အဟန့်အတားဖြစ်နေသော စီမံခန့်ခွဲမှု ဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် ရေးဆွဲထားပါသည်။ စီမံကိန်း လုပ်ငန်းများတွင် မူဝါဒနှင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးမည့်၊ အသုံးပြု

သူများ အဖွဲ့များ(CFUG)၏ စီမံအုပ်ချုပ်မှု နှင့် လုပ်ငန်းဆောင်ရွက်နိုင်စွမ်း ပိုမိုတိုးတက်စေမည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများ (Community Forestry Enterprise - CFE) ကို ပိုမိုတိုးတက်စေမည့် လုပ်ငန်းဆောင်ရွက်မှုများ နှင့် ဂေဟအခြေပြု ခရီးသွားလုပ်ငန်းများ တည်ထောင်ရန် ဒေသခံရပ်ရွာလူထု၏ ကနဦး ဆောင်ရွက်မှုနှင့် အားထုတ်ကြိုးပမ်းမှုများကို ပံ့ပိုးမည့် လုပ်ငန်းဆောင်ရွက်မှုများ ပါဝင်ကာ အဆိုပါ လုပ်ငန်းများကိုလည်း ထိရောက်စွာ စောင့်ကြပ် ကြည့်ရှုမည့် လုပ်ငန်းများလည်း ပါဝင်သည်။

အောင်မြင်အောင်အကောင်အထည်ဖော်နိုင်ပါက စီမံကိန်းသည် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အကျိုးကျေးဇူးများ နိုင်ပါသည်။ အဆိုပါ အကျိုးကျေးဇူးများတွင် သစ်တောအတန်းအစား ကျဆင်းခြင်း နှင့် သစ်တောပြုန်းတီးခြင်း ဖြစ်နေသည့် လားရာ/လမ်းကြောင်းကို နှေးကွေးစေခြင်း သို့မဟုတ် ပြောင်းလဲစေခြင်း နှင့် ပိုမိုကောင်းမွန်သော သစ်တောအုပ်ချုပ် လုပ်ကိုင်မှုကြောင့် ဒေသခံပြည်သူများ အကျိုးကျေးဇူးများ ပိုမိုရရှိလာစေခြင်း စသည်တို့ ပါဝင်သည်။

စီမံကိန်းအနေဖြင့် သိသာကြီးမားသည့် ဆိုးရွားသော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ (E&S) သက်ရောက်မှုများ တိုက်ရိုက်ရှိနိုင်မည် မဟုတ်ပါ။ အသေးစား အဆောက်အဦ ဆောက်လုပ်သည့်လုပ်ငန်းများ၊ ရပ်ရွာလူထု အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ သို့မဟုတ် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းကို ပံ့ပိုးပေးမှုများ ကဲ့သို့သော အချို့သော စီမံကိန်းလုပ်ငန်း တွင် ဆက်စပ် သက်ရောက်မှုအချို့ ရှိနိုင်ပြီး ၎င်းတို့အား အတန်အသင့်ဆိုးကျိုးရှိနိုင်သည့် အဆင့်အဖြစ် မျှော်လင့်ထားကာ အသင့်ရှိပြီးဖြစ်သည့် လျော့ချရေး၊ စီမံခန့်ခွဲရေး အစီအမံများဖြင့် စီမံခန့်ခွဲနိုင်ပါသည်။ ဤ ESMF ပါ နောက်ဆက်တွဲများသည် စီမံကိန်းအကောင်အထည်ဖော်ခြင်းအား လမ်းညွှန် ပြသမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းပညာဆိုင်ရာ ရည်ညွှန်း အသုံးပြုရမည့် အရာများ ဖြစ်ပါသည်။ အဆိုပါနောက်ဆက်တွဲများ (အောက်တွင် မိတ်ဆက်ဖော်ပြထား)သည် အဆိုပြုလက်ခွဲစီမံကိန်းများအား စိစစ်ခြင်း နည်းလမ်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်သုံးလိုက်နာရမည့် ကျင့်ထုံး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာလမ်းညွှန်ချက်များ၊ ပိုးသတ်ဆေး အသုံးပြုမှု၊ မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများ စီမံခန့်ခွဲမှု (UXO)၊ ဆန္ဒမပါသော နေရာပြောင်းရွှေ့ချထားခြင်း လုပ်ငန်းစဉ်ဆိုင်ရာ စီမံခန့်ခွဲမှု၊ မြေ သို့မဟုတ် သဘာဝသယံဇာတ များ လက်လှမ်းမီ အသုံးပြုနိုင်မှုအား ကန့်သတ်နိုင်ဖွယ်ရှိခြင်းကို စီမံခန့်ခွဲမှု၊ တိုင်းရင်းသားမျိုးနွယ်စုများအား ထည့်သွင်းစဉ်းစားလျက် ဒေသခံပြည်သူပူးပေါင်းပါဝင်ခြင်းလုပ်ငန်းစဉ်များ အပါအဝင် အကြောင်းအရာ ပေါင်းများစွာကို လွှမ်းခြုံပါဝင်ပါသည်။

ထိုကဲ့သို့သော တိုက်ရိုက်သက်ရောက်မှုများကို အထူးတလည်ပြဿနာရှိစေသည့်အရာများဟု မသတ်မှတ်သော်လည်း စီမံကိန်း၏ ရည်ရွယ်ချက် သဘောတရားကို ကောင်းစွာ နားလည်ခြင်း မရှိခြင်း (သို့မဟုတ်) ညံ့ဖျင်းစွာ အကောင်အထည်ဖော်ခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်အလားအလာများနှင့် သက်ရောက်မှုများ ရှိနိုင်ပါသည်။ အဆိုပါအန္တရာယ်အလားအလာ များသည် ပို၍ ပြဿနာဖြစ်လာဖွယ်ရာရှိကာ ၎င်းတို့အား ကောင်းစွာ ဖြေရှင်း သို့မဟုတ် စောင့်ကြပ်ကြည့်ရှုခြင်း မရှိပါက စီမံကိန်းအပေါ်ကိုပင် သိသာကြီးမားသည့် ဆိုးရွားသော သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

စီမံကိန်း၏ အဓိကကျသော ဆိုးရွားသည့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ် အလား အလာများတွင် (၁) မူဝါဒ၊ ဥပဒေ နှင့် လုပ်ထုံးလုပ်နည်း ပြုပြင်ပြောင်းလဲမှုများတွင် ပတ်ဝန်းကျင် နှင့် လူမှုဘဝဆိုင်ရာ (E&S) အန္တရာယ်များ (ဆိုးကျိုးအလားအလာများ) ဆန်းစစ်ခြင်းကို လုံလောက်စွာ ထည့်သွင်းပေါင်းစပ်မှုမရှိခြင်း (၂) သစ်တောဦးစီးဌာန ဝန်ထမ်းများ၏ အထူးသဖြင့် လူမှုရေးရာအရ အားလုံးပါဝင်မှု၊ မျှတမှု နှင့် အခွင့်ထူးခံဝလေ့ စသည့် ကိစ္စရပ် များအပေါ် ကျွမ်းကျင်မှု၊ သိနားလည်မှု အကန့်အသတ်ရှိခြင်း တို့ကြောင့် အကောင်အထည်ဖော်မှု သို့မဟုတ် စီမံကိန်း ပဏာမလုပ်ငန်းများ အားနည်းခြင်း (၃) ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ(E&S) စီမံခန့်ခွဲမှုအတွက် လူ့စွမ်းအား နှင့်/သို့မဟုတ် ဘဏ္ဍာငွေကြေး အရင်းအမြစ်များ လုံလောက်စွာ ချထားပေးမှု မရှိခြင်း (၄) တိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် ထိခိုက်ခံစား လွယ်သည့် အရေးမသာသော အုပ်စုများ[1]အား ပိုမို၍ ဖယ်ထုတ်ခံရခြင်း - မြေ နှင့် သယံဇာတများ အသုံးပြုနိုင်မှုကို ကန့်သတ်ခံရဖွယ်ရှိသည့် အခြေအနေများ နှင့် (၅) အခွင့်ထူးခံ လူနှင့်ဝလေ့များ ရှိနေခြင်း သို့မဟုတ် ရှိမည်ဟု ယူဆသော အခြေအနေ မျိုးတွင် လူမှုရေးပဋိပက္ခများကို စီမံ ခန့်ခွဲရန် အခက်အခဲများ/စိန်ခေါ်မှုများရှိခြင်း၊ (ကျား/မ(လိင်) အခြေပြုသည့် အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှု၊ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှု နှင့်

---

[1] ထိခိုက်ခံစားလွယ်သည့် အရေးမသာသောသူများဆိုသည်မှာ “အသက်၊ လိင်၊ တိုင်းရင်းသားလူမျိုး၊ ဘာသာရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းအရ သို့မဟုတ် အခြားသော မသန်စွမ်းမှု၊ လူမှုရေး သို့မဟုတ် ကျန်းမာရေး အခြေအနေ၊ လိင်ပိုင်းဆိုင်ရာ အလေးပေးမှု၊ ကျား/မ(လိင်)ပိုင်းဆိုင်ရာ အသိအမှတ်ပြုမှု၊ စီးပွားရေးအရ အရေးမသာမှု၊ သို့မဟုတ် ဒေသခံ တိုင်းရင်းသား ဖြစ်မှု နှင့်/သို့မဟုတ် တစ်စုံတစ်ရာသော သဘာဝသယံဇာတများအပေါ် မှီခိုနေရမှု စသည်တို့ကို အကြောင်းပြုအရင်းခံ၍ စီမံကိန်း၏ သက်ရောက်မှုများ ဆိုးရွားစွာ သက်ရောက်ခံစားရဖွယ်ရှိသည့် နှင့်/သို့မဟုတ် စီမံကိန်း၏ အကျိုးကျေးဇူးများကို ရရှိအသုံးချရန် ၎င်းတို့၏ စွမ်းရည်များကို အခြားသူများထက် ကန့်သတ်ထားခံရသော လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ”ဟု ကမ္ဘာ့ဘဏ်က သတ်မှတ်သည်။

တရားမျှတမှု၊ ညီမျှမှုကင်းခြင်း (ဥပမာ- လှည့်ပတ်ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေး အရင်းအမြစ်များကို လက်လှမ်းမီအသုံးပြုရာတွင်) တို့ ပါဝင်နိုင်သည်။

ဤစီမံကိန်းအတွက် အလုံးစုံသော အန္တရာယ်အလားအလာရှိမှု အဆင့်သတ်မှတ်ချက်သည် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ရှုထောင့်နှစ်ခုလုံးကို ထည့်သွင်းစဉ်းစားမည်ဆိုလျှင် မြင့်မားသည်ဟု ခြုံငုံပြောဆိုနိုင်သည်။ ပတ်ဝန်းကျင်ဆိုင်ရာရှုထောင့်မှကြည့်မည်ဆိုလျှင် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များသည် အတန်အသင့်ရှိကြီးမား (Substantial) မည်ဟု သတ်မှတ်ပါသည်။ လူမှုဘဝဆိုင်ရာရှုထောင့်မှကြည့်လျှင် အန္တရာယ်အလားအလာ မြင့်မားမည် (High)ဟု ခန့်မှန်းရပါသည်။ အဆိုပါ အန္တရာယ်များကို ဖြေရှင်းရန်ပျက်ကွက်ခြင်းသည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ဖယ်ထုတ်ခံရသော အရေးမသာသည့် သို့မဟုတ် ထိခိုက်ခံစားလွယ်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် ရပ်ရွာလူထု/ဒေသခံပြည်သူများ သို့မဟုတ် စီမံကိန်းအကျိုးကျေးဇူးများကို အခွင့်ထူးခံလူများအတွက်သာ ဖြစ်စေခြင်း သို့မဟုတ် အခြားသော မမျှတသည့် အကျိုးကျေးဇူးခွဲဝေပေးခြင်းတို့နှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ ရှိနေကြရသော လူပုဂ္ဂိုလ်များ သို့မဟုတ် ရပ်ရွာလူထု/ဒေသခံပြည်သူ များအတွက်မှ အထူးပင် အရေးကြီးပါသည်။

အဆိုပါ အန္တရာယ်များနှင့် သက်ရောက်မှုများကို ဖြေရှင်းရန် စီမံကိန်းသည် အမျိုးမျိုးသော အပြန်အလှန် နှီးနွှယ်ဆက်စပ်နေသည့် အစီအမံများစွာကို ဆောင်ရွက်ရမည်။ ဤ ESMF သည် FREDIP လုပ်ငန်းစီမံကိန်းအတွက် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်များ စီမံခန့်ခွဲမှု စာရွက်စာတမ်းများအနက် တစ်ခု ဖြစ်ပြီး အဆိုပါ စာရွက်စာတမ်း များတွင် ဆက်စပ်ပတ်သက်သူများနှင့်ဆက်သွယ်ညှိနှိုင်းခြင်း (Stakeholder Engagement Plan - SEP)၊ လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက်(Social Assessment – SA) နှင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိ ကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (Environmental and Social Commitment - ESCP) တို့လည်း ပါဝင်သည်။ လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက်သည် စီမံကိန်း စတင်ဖော်ထုတ်သည့် အဆင့်တွင် စိစစ်သတ်မှတ်ခဲ့သည့် လူမှုဘဝဆိုင်ရာ အန္တရာယ်အလား အလာများ၊ လူမှုဘဝဆိုင်ရာ ကိစ္စရပ်များကို လွှမ်းခြုံပါသည်။ ESCP သည် စီမံကိန်းအနေဖြင့် ကမ္ဘာ့ဘဏ်၏ ဆီလျော်သက်ဆိုင်သော ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စံသတ်မှတ်ချက်များကို သတ်မှတ်ထားသည့် အချိန်အတွင်း အောင်မြင်စွာ လိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်သော အစီအမံများ နှင့် လုပ်ငန်းဆောင်တာများကို ဖော်ပြထားသည်။

SEP သည် အမျိုးမျိုးသော ဆက်စပ်ပတ်သက်သူများကို သတ်မှတ်ပေးကာ ယင်း ဆက်စပ်ပတ်သက်သူများအနေဖြင့် စီမံကိန်း၏ လုပ်ငန်းဆောင်တာအရပ်ရပ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မည့် နည်းလမ်းများကို ဖော်ပြထားသည်။ SEP ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မြန်မာနိုင်ငံတော်အစိုးရသည် စီမံကိန်း၏ လုပ်ငန်းရပ်တိုင်းတွင် ပွင့်လင်းမြင်သာမှုရှိခြင်းကို သေချာစေရန် စီမံကိန်းတိုးတက်မှု နှင့် အောင်မြင်မှုများကို ပုံမှန် ထုတ်ပြန်ကြေငြာခြင်း၊ စောင့်ကြည့်လေ့လာခြင်းတို့ကို လုပ်ဆောင်ရမည်။

SEP ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စီမံကိန်းသည် ထိခိုက်ခံစားရသည့် ပြည်သူများအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်မှု ကိစ္စရပ်များနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများကို ဖော်ထုတ်ပြသခွင့်ပေးသည့် ခိုင်မာသော နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့် စနစ်ကို တည်ထောင်ထိန်းသိမ်းထားရှိရမည်။ အဆိုပြုထားသည့် နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့် စနစ်သည် အလွှာစုံ၊ ရှုထောင့်စုံဖြစ်သည်။ သီးခြား နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့် စနစ်(GRM)ကို စီမံကိန်းတစ်ခုလုံးစာအတွက်သာမက ဆီလျော်ပါက စီမံကိန်းလုပ်သားများအတွက် GRM ၊ ဆန္ဒမပါသော နေရာပြောင်းရွှေ့ခံရခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် GRM ၊ နှင့် ဒေသခံပြည်သူပူးပေါင်းပါဝင်ခြင်း အစီအစဉ် မူဘောင် (CPPF) တွင် ညွှန်ကြားထားသည့်အတိုင်း ဒေသခံပြည်သူ ပူးပေါင်းပါဝင်ခြင်းအစီအစဉ် (CPP)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ESS 7 သတ်မှတ်ချက်စံများနှင့်ကိုက်ညီသည့် အုပ်စုများအတွက် နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့် စနစ် (GRM) စသဖြင့် စီမံကိန်း၏ အချို့သော သီးခြားအပိုင်းများအတွက်ပါ တည်ထောင်ထားရမည်။ ထို့အပြင် ဒေသခံပြည်သူများ၊ စီမံကိန်း လုပ်သားများ၊ အမျိုးသမီးများ၊ ကျေးရွာအဆင့် မြို့နယ်အဆင့် ဒေသအာဏာပိုင်များကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များပါဝင်သော ဒေသဆိုင်ရာ GRM ကော်မတီသည် ကျား/မ(လိင်)အခြေပြု အကြမ်းဖက်မှု(GBV)နှင့်သက်ဆိုင်သည့် နစ်နာမှုတိုင်ကြားချက်များ အပါအဝင် အမျိုးမျိုးသော နစ်နာမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရမည်။

ဒုတိယအနေဖြင့် စီမံကိန်းသည် သစ်တောဦးစီးဌာနအား စီမံကိန်းတွင် ဆောင်ရွက်မည့် **မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အားလုံးတွင် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ(E&S) အကျိုးသက်ရောက်မှုများကို** ထည့်သွင်းစဉ်းစားစေရမည်။ ထိုကဲ့သို့သော ပြုပြင်ပြောင်းလဲမှုတိုင်းသည် မူဝါဒပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးပေးသော အကြံပေးလုပ်ငန်း

တိုင်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းနှင့်တာဝန်များတွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ(E&S)အန္တရာယ်အလားအလာများကို ထည့်သွင်းစဉ်းစားခြင်းများ ပါဝင်ရန် လိုအပ်မည်ဖြစ်ကာ ဆက်စပ်ပတ်သက်သူများအနေဖြင့် အဆိုပြုသော ပြောင်းလဲမှုများအပေါ် တုံ့ပြန်ချက်များ ပေးနိုင်သည့် အခွင့်အလမ်းကို ပေးအပ်ရမည်။

တတိယအနေဖြင့် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်နေသော စီမံကိန်းလုပ်ငန်းဆောင်တာများဖြစ်ပါက **ထိုကဲ့သို့သော အဆိုပြုလွှာအားလုံးသည် ဖြစ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ(E&S) အန္တရာယ်အလားအလာများအတွက် စိစစ်ခံရမည်ဖြစ်ကာ** ဆီလျော်ပါက ထပ်မံ၍ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း နှင့်/သို့မဟုတ် သက်ဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းရန် စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲဖော်ထုတ်ခြင်းတို့ လုပ်ဆောင်ရန် လိုအပ်သည်။ ဤ ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ(E&S) စီမံခန့်ခွဲမှု အစီအစဉ်များ နှင့် အကြောင်းအရာအလိုက် စီမံခန့်ခွဲမှု မူဘောင်များကို အနည်းဆုံး ECOP နှင့် ESMF ထဲတွင် ပါဝင်သော နည်းပညာဆိုင်ရာ နောက်ဆက်တွဲများ နှင့် ကိုက်ညီသော နည်းလမ်းဖြင့် ရေးဆွဲဖော်ထုတ်ရမည်။ တည်ဆောက်ရေးလုပ်ငန်းများ တာဝန်ယူ လုပ်ကိုင်မည့် ကန်ထရိုက်တာအားလုံးသည် ၎င်းတို့၏ စာချုပ်များအရ သီးခြား (E&S) ကိစ္စရပ်များကို ဖြေရှင်းရန် နေရာဒေသအလိုက် စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲပြုစု၍ အကောင်အထည်ဖော်ရန် လိုအပ်သည်။

စတုတ္ထအနေဖြင့် နေရာဒေသအလိုက် သီးခြားအစီအမံများစွာကို စီမံကိန်းအကောင်အထည်ဖော်သည့် ကာလအတွင်းကျမှသာ သတ်မှတ်ဖော်ထုတ်နိုင်မည်ဖြစ်သောကြောင့် အချို့သော အန္တရာယ်အလားအလာများနှင့် သက်ရောက်မှုများကို ကြိုတင်၍ သိမြင်နိုင်သည်မဟုတ်ပါ။ ထို့ကြောင့် ESMF တွင် အကြောင်းအရာအလိုက် စီမံခန့်ခွဲမှု မူဘောင်များ ထပ်ဆောင်း ပါဝင်သည်။ ၎င်းတို့အနက် လုပ်ငန်းစဉ်မူဘောင် (PF) ၊ နေရာပြောင်းရွှေ့ချထားရေး မူဝါဒမူဘောင် (RPF)၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ခြင်း အစီအစဉ် မူဘောင် (CPPF)၊ လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း (LMP) နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကျင့်ထုံး (ECoP) အသုံးပြုခြင်းတို့ ပါဝင်သည်။

ပဉ္စမအနေဖြင့် စီမံကိန်းသည် ESMF တွင် သတ်မှတ်ထားသည့် မူများနှင့်ကိုက်ညီသော နည်းလမ်းဖြင့် စီမံကိန်းလုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရန် သစ်တောဦးစီးဌာန(FD)၏

**အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ခြင်းတွင် ရင်းနှီးမြှုပ်နှံမှု** ဆောင်ရွက်မည်။ အဓိကအကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း၏ လက်ရှိစွမ်းဆောင်ရည်သည် အဆိုပြုထားသည့် အန္တရာယ်စီမံခန့်ခွဲမည့်အစီအမံများကို ဆောင်ရွက်နိုင်ရန် တစ်စိတ်တစ်ပိုင်းသာ ပြည့်စုံလုံလောက်မှုရှိပါသည်။ စီမံကိန်းသည် သစ်တောဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်မည့် အကောင်အထည်ဖော်ရေး အဖွဲ့များအား ၎င်းတို့အနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ (E&S) စီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များကို စနစ်တကျနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ဌာနလုပ်ငန်းများ သင်ကြားပြသခြင်း နှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်စေခြင်းများတွင် ထောက်ပံ့မည်။

ESMF တွင် ပါဝင်သော အဓိကလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကတိကဝတ်များအားလုံးသည် စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP) ထဲတွင် ဖော်ပြပါရှိပါသည်။ ESCP သည် တရားဥပဒေအရ စည်းနှောင်မှုရှိကာ ESMF နှင့် ယင်း၏ အန္တရာယ်အလားအလာ လျော့ချခြင်းနှင့် စီမံခန့်ခွဲမှု အတွက် သုံးသပ်အကြံပြုချက်များ၊ အဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်မှု၊ ဖွဲ့စည်းပုံ၊ လူ့စွမ်းအား နှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ အရင်းအမြစ်များအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များကို တိုက်ရိုက် ညွှန်းဆိုသည်။

ESMF ရေးဆွဲဖော်ထုတ်ရာတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ဆက်စပ်သော ဒေသခံပြည်သူများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တာဝန်ယူဆောင်ရွက်သည့် အစိုးရ ဝန်ထမ်းများ နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စသည်ဆက်စပ် ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ကာ အသိပေးဆောင်ရွက်ခဲ့ပါသည်။ (တိုင်ပင်ဆွေးနွေးမှုများကို ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ(စီစဉ်ထားပြီးဖြစ်) အတွင်း ဆောင်ရွက်ခဲ့ပါသည်)။ ဆက်စပ်ပတ်သက်သူများနှင့် ၎င်းတို့၏ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆိုင်ရာအတွေ့အကြုံများ၊ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်အလားအလာများအပေါ် ထင်မြင်ယူဆချက်များ၊ စီမံကိန်းဒီဇိုင်း (ပုံစံ)အား ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များနှင့်စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ တိုင်ပင် ဆွေးနွေးသည့် နည်းလမ်းများတွင် တစ်ဦးချင်း တိုက်ရိုက်မေးမြန်းခြင်း၊ မေးခွန်းလွှာပုံစံ အသုံးပြုခြင်း၊ အဓိက အုပ်စုများနှင့်ဆွေးနွေးခြင်းတို့ ပါဝင်သည်။ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်တားမြစ်ချက်များကြောင့် ကွင်းဆင်းကောက်ယူမှုအချို့ ပြုလုပ်နိုင်ခဲ့သော်လည်း ကွင်းဆင်း၍ မေးမြန်းခြင်း နှင့် စာရင်းကောက်ယူခြင်းအား နေရာဒေသအားဖြင့် အကန့်အသတ်ဖြင့်သာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

ထို့အပြင် SEP ထဲတွင် အသေးစိတ် ဖော်ပြထားသော ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းအား စီမံကိန်း အကောင်အထည်ဖော်သည့် ကာလတစ်လျှောက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပြုထားသည့် စီမံခန့်ခွဲမှုနှင့် လျှော့ချရေး အစီအမံများသည် အန္တရာယ်များကို လျှော့ချရာတွင် ထိရောက်မည်ဟု ယူဆလျက် စီမံကိန်း၏ ကြွင်းကျန်သက်ရောက်သော အန္တရာယ်များသည် အတော်အတန်သာရှိမည်ဟု မျှော်လင့်ရပါသည်။ ထိရောက်စွာ လျှော့ချနိုင်ခြင်း မရှိပါက ကြွင်းကျန်သက်ရောက်သော အန္တရာယ်များသည် ကြီးမားနိုင်ပါသည်။ ESMF တွင် ပါဝင်သော လျှော့ချရေး နှင့် စီမံခန့်ခွဲမှု အစီအမံများသည် သတ်မှတ်ထားသည့် အန္တရာယ်များအတွက် ဆီလျော်ညီညွတ်မှု ရှိသည်။ ထို့ကြောင့် ESMF အနေဖြင့် စီမံကိန်းနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ(E&S) သိသာထင်ရှားသော အကျိုးကျေးဇူးများကို ထည့်သွင်း စဉ်းစားလျက် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ(E&S) အန္တရာယ်အလားအလာများသည် လက်ခံနိုင်သည့် အတိုင်းအတာအတွင်းသာ ရှိသည်ဟု သုံးသပ်ရပါသည်။

ဤ ESMF တွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ (E&S) ရှုထောင့်များကို ခြုံငုံမိသည့် နောက်ဆက်တွဲအချို့ ပါဝင်ပြီး အောက်တွင် ဖော်ပြထားပါသည်။

**နောက်ဆက်တွဲ - ၁ - ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ် အလားအလာများ နှင့် သက်ရောက်မှုများ စိစစ်ချက်ပုံစံ -** ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်အလားအလာများ နှင့် သက်ရောက်မှုများအတွက် စီမံကိန်း လုပ်ငန်းများ[2] အားလုံးကို စိစစ်ရာတွင် အသုံးပြုမည့် ဆောင်ရွက်ရန်စာရင်း ဖြစ်သည်။ ဆောင်ရွက်ရန်စာရင်းကို အဓိက စီမံကိန်းဒေသကြီး ၆ ခုရှိ လုပ်ငန်းဆောင်တာများကို စိစစ်ရာတွင် အဓိကအသုံးပြုမည် (၁) တည်ဆောက်ရေးလုပ်ငန်းများ (၂) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ အသစ် တည်ထောင်ခြင်း (၃) လက်ရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်

[2] ဤစီမံကိန်းရည်ရွယ်ချက်အတွက် “လုပ်ငန်းဆောင်တာများ”ဟူသော စကားရပ်သည် သီးခြားကန်ထရိုက်စာချုပ်တစ်ခုအရ ဆောက်လုပ်သည့် တစ်ဦးချင်း တည်ဆောက်ရေးလုပ်ငန်းများ၊ လက်ခွဲစီမံကိန်းတစ်ခုတွင် ပါဝင်သည့် ထိုသို့သော တစ်ဦးချင်းအလုပ်များ၊ ပဏာမလုပ်ငန်းများ သို့မဟုတ် ရင်နှီးမြှုပ်နှံမှုများ စုပေါင်းထားမှု၊ သို့မဟုတ် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံခန့်ခွဲမှု အစီအစဉ်များ(အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များ) သို့မဟုတ် စိုက်ခင်းတည်ထောင်ခြင်း ဆိုင်ရာ သီးခြားအပိုင်းများတွင် ဖြေရှင်းရန် ကြံရွယ်လုပ်ဆောင်သော လုပ်ငန်းဆောင်တာ အစုအဝေးများကို သတ်မှတ်ရန် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည်။

သစ်တောလုပ်ငန်း အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များတွင် ပါဝင်နေသော လုပ်ငန်းဆောင်တာများ (၄) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်း(CFE)များ (CFE များ စုဖွဲ့ဆောင်ရွက်မည့် လုပ်ငန်းများ အပါအဝင်) (၅) ပုဂ္ဂလိက သစ်တောစိုက်ခင်း များကဏ္ဍကို လုပ်သာကိုင်သာ ရှိစေမည့် အခြေအနေဖန်တီးပေးခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်း များ (၆) သဘာဝထိန်းသိမ်းရေး နယ်မြေများထဲတွင် အခြေခံအဆောက်အဦ ဆောက်လုပ်ခြင်း နှင့် ဂေဟအခြေပြု ခရီးသွား လုပ်ငန်းများ ကနဦးဆောင်ရွက်ခြင်း တို့သာမက သဘာဝထိန်းသိမ်း ရေးနယ်မြေများထဲတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်း ဆောင်တာများ ပါဝင်သည်။ ဤ စိစစ်ချက်ပုံစံကို အသုံးပြုခြင်းသည် မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်များ နှင့် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စံသတ်မှတ်ချက်များ (ESS) ကို လိုက်နာရန် လိုအပ်မှု ရှိမရှိ ဆုံးဖြတ်ရာတွင် ပံ့ပိုးပေးသည်။ စိစစ်ချက်ပုံစံကို လုပ်ငန်း ဆောင်တာ တစ်ခုချင်းကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်အလားအလာများကို သတ်မှတ် ဖော်ထုတ်ခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက်များ ထပ်မံလုပ်ဆောင်ရန် လိုအပ်မှု ရှိမရှိ ဆုံးဖြတ်ခြင်း၊ အကျုံးမဝင်သော လုပ်ငန်းဆောင်တာများကို စိစစ်ခြင်း၊ နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စံကျင့်ထုံးများ(ECoP)ကို အသုံးချရုံသာမက ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု ဖြည့်စွက်အစီအမံများ လိုအပ်သောအခါများတွင် ညွှန်ပြနိုင်ခြင်း စသည့် တို့တွင် အသုံးပြုနိုင်သည်။

**နောက်ဆက်တွဲ - ၂ - ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်သုံးလိုက်နာရမည့် ကျင့်ထုံး(ECoPs)** သည် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်သက်ရောက်မှုများကို ရှောင်ရှား၊ လျော့နည်း၊ လျှော့ချရန် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလအတွင်း အသုံးပြုရမည့် လက်တွေ့ လုပ်ငန်း ဆောင်တာများနှင့် အဆင့်များကို သိရှိစေရန် အခြေခံ နည်းပညာလမ်းညွှန်ချက်များကို ဖော်ပြထားသည်။ စီမံကိန်းက အထောက်အပံ့ပေးသော အသေးစား တည်ဆောက်ရေး လုပ်ငန်းများအတွက် ECoPs ကို အသုံးပြုရမည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ကျင့်သုံးလိုက်နာ ရမည့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်းဖြင့် အလွယ်တကူ စီမံခန့်ခွဲနိုင်မည့် ပတ်ဝန်းကျင် ဆိုင်ရာအန္တရာယ်အလားအလာများ အသင့်အတင့် မှ နည်းပါးသော စီမံကိန်း လုပ်ငန်း ဆောင်တာ များအတွက် ECoPs ကို အသုံးပြုရန် ရည်ရွယ်သည်။ သီးခြား ECoPs များသည် အောက်ဖော်ပြပါ လုပ်ငန်းဆောင်တာများကို လွှမ်းခြုံဖော်ပြထားသည်- အထွေထွေ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် လျှောက်လမ်း နှင့် စက်ဘီးလမ်းများ တည်ဆောက်ခြင်း၊

သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် သဘာဝအခြေခံ ခရီးသွား လုပ်ငန်းများ နှင့် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း လှည့်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ

**နောက်ဆက်တွဲ - ၃ - ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင် နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်များနှင့် သက်ရောက်မှုများအား စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်**သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များ(CFMP) ရေးဆွဲဖော်ထုတ်ခြင်းအတွက် လက်ရှိ ချဉ်းကပ်မှု နည်းလမ်းနှင့် ကျင့်သုံးမှုများကို သုံးသပ်ခြင်း ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ကို အသုံးပြု၍ လက်ရှိတွင် လက်တွေ့ကျင့်သုံးနေမှု များ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တည်ထောင်ခြင်း၊ CFMP ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတွင် ကျင့်သုံးလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ နှင့် ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စံသတ်မှတ်ချက်များ (ESS) ပါ သတ်မှတ်ပြဌာန်းချက်များ ကြားရှိ ဟာကွက်များကို စိစစ်ခြင်း၊ ESS ပါ သတ်မှတ်ပြဌာန်းချက်များအား လက်ရှိ ကျင့်သုံးဆောင်ရွက် နေသော CFMP လုပ်ငန်းများတွင် ထည့်သွင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် CFMP ရေးဆွဲဆောင်ရွက်ရာတွင် ကျင့်သုံးလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်းအတွက် အကြံပြုချက်များ ဖော်ပြထားသည်။

**နောက်ဆက်တွဲ - ၄ - စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်း ပုံစံ -** ပတ်ဝန်းကျင်နှင့် လူမှု ဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် (ESMF) တွင် ဖော်ပြထားသော သက်ဆိုင်ရာ သတ်မှတ် ပြဌာန်းချက်များနှင့်အညီ ရေးဆွဲပြုစုထားသည့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (ESMP)အား အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ စောင့်ကြပ် ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်းများအတွက် ပုံစံဖြစ်သည်။ အဆိုပါပုံစံ၏ အသေးစိတ် ဖော်ပြချက်များသည် ESMF တွင် သတ်မှတ်ခဲ့ကာ၊ ESMP တွင် ထပ်မံ ဖော်ထုတ်ထားသည့် ဖြစ်လာဖွယ်ရှိသော သက်ရောက်မှု အသီးသီးနှင့် ကိုက်ညီသင့်သည်။ ယင်းတွင် အစီရင်ခံစာ၏ အပိုင်းတစ်ခုချင်းစီအလိုက် အတိုချုပ် ရှင်းလင်းချက် ပုံစံ(မာတိကာ/ပါဝင်သော အကြောင်းအရာ များ) နှင့် ESMF ရှိ အစီအစဉ်များ၊ မူဘောင်များ နှင့် လုပ်ထုံးလုပ်နည်းများ အများစုကို ခြုံငုံစေသည့် အညွှန်းကိန်းများပါသော စောင့်ကြပ်ကြည့်ရှုခြင်း ပုံစံများ ပါဝင်သည်။

**နောက်ဆက်တွဲ - ၅ - မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်း/မြေမြှုပ်မိုင်း အန္တရာယ် အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ကျင့်သုံးလိုက်နာရမည့် လုပ်ထုံးလုပ်နည်း** - မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်း နှင့်/ သို့မဟုတ် မြေမြှုပ်မိုင်းများ ရှိနေသော စီမံကိန်းနေရာများတွင် လျော်ကန်သည့် အန္တရာယ်ဆန်းစစ်ချက်ဆိုင်ရာ ညွှန်ကြားချက်များနှင့် မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်း နှင့်/ သို့မဟုတ် မြေမြှုပ်မိုင်းများ အသေအချာ ရှိနေခြင်း သို့မဟုတ် ရှိနေသည်ဟု သံသယဖြစ်သည့် နေရာများအား ရှောင်ရှားခြင်းတို့နှင့် စပ်လျဉ်းသော ညွှန်ကြားချက်များကို ပေးထားသည်။

**နောက်ဆက်တွဲ - ၆ - ဘက်စုံ စနစ်တကျ ပိုးမွှားစီမံခန့်ခွဲမှု ယေဘုယျအစီအစဉ်** - သည် ဓာတု ပိုးသတ်ဆေးများ အသုံးပြုခြင်း၏ အန္တရာယ်များ စီမံခန့်ခွဲရာတွင် လမ်းညွှန်ပေးသည်။ စီမံကိန်းသည် ဓာတု ပိုးသတ်ဆေးများအပေါ် မှီခိုနေရမှုကို လျှော့ချစေနိုင်ရန် တောင်သူများ ကိုယ်တိုင် ဦးဆောင်သော၊ ဂေဟစနစ်တည်မြဲရေးနှင့်ကိုက်ညီသည့် ပိုးမွှားကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုများပါသော ဘက်စုံ စနစ်တကျ ပိုးမွှားစီမံခန့်ခွဲမှုနည်းလမ်းကို ပို၍ အားပေးသည်။

**နောက်ဆက်တွဲ - ၇ - စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်** - အချို့သော စီမံကိန်း လုပ်ငန်းဆောင်တာများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ဖြေရှင်းရာတွင် ကမ္ဘာ့ဘဏ်အုပ်စု ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ (EHSGs) အပါအဝင် အလေ့အထကောင်းများကို အကောင်အထည်ဖော်ခြင်းဖြင့် သက်ရောက်မှု များအား ရှောင်ရှား သို့မဟုတ် နည်းပါးစေရေး လမ်းညွှန်ပေးသည်။ အဆိုပါအစီအစဉ်သည် အကောင်အထည်ဖော်မည့်သူများအတွက် စွန့်ပစ်ပစ္စည်းများ ထွက်ရှိမည့် မည်သည့်လုပ်ငန်းကို မဆို မစတင်မီကပင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စဉ်းစားစေသည့် အခြေခံ လမ်းညွှန် အစီအစဉ်ဖြစ်သည်။ ယင်းအစီအစဉ်သည် ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ နည်းပါးစေခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း နှင့် ပြန်လည် ဆယ်တင်ခြင်းတို့အား လူသားများ ကျန်းမာရေး နှင့် ပတ်ဝန်းကျင်အတွက် စိတ်ချရသော နည်းလမ်းများဖြင့် ချဉ်းကပ် ဆောင်ရွက်မည်ဖြစ်ကာ ထိုသို့မဖြစ်နိုင်ပါက ထုတ်လွှတ်မှုများနှင့် စွန့်ပစ်ပစ္စည်းများ ကိုင်တွယ် ထုတ်လုပ်ခြင်းမှ ထွက်ရှိလာသည့် အကြွင်းအကျန်များ နှင့်ပတ်သက်၍ သင့်လျော်သော ထိန်းချုပ်မှုများပါဝင်သည့် ပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှု မရှိစေသောနည်းလမ်းဖြင့် အမှိုက်ကို စွန့်ပစ်မည်ဖြစ်သည်။

**နောက်ဆက်တွဲ - ၈ - လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ -** နိုင်ငံ၏ ဥပဒေ နှင့် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့်လူမှုရေးရာ မူဘောင်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ စီမံကိန်းလုပ်သားများအား စီမံခန့်ခွဲရမည့် နည်းလမ်းကို ဖော်ပြထားသည်။ အထူးသဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးရာ စံသတ်မှတ်ချက်များ ၂ (ESS2) ၏ ရည်ရွယ်ချက်များဖြစ်သော လုပ်သား နှင့် လုပ်ငန်းခွင်အခြေအနေများနှင့်ပတ်သက်၍ ဖြစ်သည်။ လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများသည် စီမံကိန်းရှိ အလုပ်အကိုင်များနှင့်စပ်လျဉ်းသော အန္တရာယ်များကို စီမံခန့်ခွဲရန် နှင့် လုပ်သားဆိုင်ရာ အစီအစဉ်များ၊ စီမံခန့်ခွဲခြင်းများအတွက် လိုအပ်သော အရင်းအမြစ်များကို ကူညီသတ်မှတ်ရန် အစီအမံများ သေသေချာချာ ထားရှိပြီးဖြစ်စေသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများကို စီမံကိန်းတိုက်ရိုက်လုပ်သားများ၊ စာချုပ်ဖြင့် လုပ်ကိုင်သော လုပ်သားများ စသဖြင့် အမျိုးမျိုးကွဲပြားသော အလုပ်သမား အုပ်စုများအတွက် အသုံးပြုရမည်။ လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများသည် အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ၊ ယာယီဖြစ်စေ စီမံကိန်းလုပ်သားများအားလုံးအတွက် အသုံးပြုရမည်။

**နောက်ဆက်တွဲ - ၉ - ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ် -** လုံခြုံရေးဝန်ထမ်းများကို နည်းလမ်းပုံစံအမျိုးမျိုးဖြင့် အသုံးပြုရန် လိုအပ်သောအခြေအနေတွင် စီမံကိန်းအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အစီအမံများကို ဖော်ပြထားသည်။ ဤအစီအစဉ်သည် FREDIP လုပ်ငန်းစီမံကိန်းကာလအတွင်း အသုံးပြုနိုင်သော မူဝါဒများ၊ အကြံပြုထားသော လုပ်ထုံးလုပ်နည်းများနှင့် အကောင်အထည်ဖော်ရမည့် လက်တွေ့ လုပ်ငန်းအစီအမံများ နှင့်ပတ်သက်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ဌာန၊ အဖွဲ့အစည်းများအတွက် ကြိုတင်၍ လမ်းညွှန်မှုများ ပေးထားသည်။ ဤမူဘောင်၏ ရည်ရွယ်ချက်များမှာ- (၁) လုံခြုံရေးဝန်ထမ်းများသည် အများပြည်သူလုံခြုံဘေးကင်းရေးကို ရှေးရှုသည့် နည်းလမ်းဖြင့် တာဝန်ထမ်းဆောင်စေခြင်း (၂) လုံခြုံရေးဝန်ထမ်းများအား ၎င်းတို့၏ တာဝန်နှင့်ဝတ္တရားများ နှင့်ပတ်သက်၍ လုံလောက်သောသင်တန်းများပေးထားစေခြင်း (၃) လုံခြုံရေးဝန်ထမ်းများသည် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် ကျင့်ထုံးတို့ကို သိရှိလိုက်နာကာ ရပ်ရွာလူထု/ ဒေသခံပြည်သူ သို့မဟုတ် စီမံကိန်းအကျိုးကျေးဇူးများကို ခံစားရမည့် အခြားသူများ နှင့် ပဋိပက္ခမဖြစ်စေရန် ရှောင်ကျဉ်ခြင်း နှင့် နည်းပါးစေခြင်း တို့ဖြစ်သည်။

**နောက်ဆက်တွဲ - ၁၀ - ရပ်ရွာလူထုကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး အစီအစဉ် -** စီမံကိန်းအကောင်အထည်ဖော်သည့် ကာလအတွင်း ရပ်ရွာလူထုကျန်းမာရေးနှင့် ဘေးကင်း လုံခြုံရေး

အပေါ် ဖြစ်လာနိုင်ဖွယ်ရှိသော အန္တရာယ်အလားအလာများ နှင့် သက်ရောက်မှုများကို ရှောင်ရှား၊ လျှော့ချ သို့မဟုတ် လျော့ကျစေရန် စီမံကိန်းတွင် အသုံးပြုရမည့် အစီအမံများကို ဖော်ပြထားသည်။ ဤနောက်ဆက်တွဲသည် စီမံကိန်း လုပ်ငန်းဆောင်တာ များကြောင့် ရပ်ရွာလူထု/ဒေသခံပြည်သူများအပေါ် သက်ရောက်လာဖွယ်ရှိသည့် အန္တရာယ်အလားအလာများ နှင့် သက်ရောက်မှုများကို ဖော်ပြထားကာ ထိုသို့သော အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း၏ တာဝန်နှင့် ဝတ္တရားများကိုလည်း ဖော်ပြထားသည်။ FREDIP လုပ်ငန်းစီမံကိန်းနှင့်စပ်လျဉ်းသော ရပ်ရွာလူထု ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ကိစ္စရပ်များဆိုင်ရာ မူတွင် (၁) တည်ဆောက်ရေး နှင့် ဆောက်လုပ်ရေး လုပ်ငန်းများ (၂) ဘေးအန္တရာယ်ရှိသော ပစ္စည်းများ အပါအဝင် စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း၊ ကိုင်တွယ် ထိန်းသိမ်းခြင်း၊ သယ်ပို့ခြင်း နှင့် စွန့်ပစ်ခြင်း (၃) ပိုးသတ်ဆေးများ ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ပို့ခြင်း နှင့် အသုံးပြုခြင်း (၄) သစ်ခုတ်လှဲခြင်းနှင့် သစ်တောပြုစု ပျိုးထောင်ခြင်း လုပ်ငန်းများ အပါအဝင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (၅) ယာဉ်မတော်တဆ ဖြစ်မှု၊ တောမီး၊ ရာသီဥတုလွန်ကဲဖောက်ပြန်မှု၊ ရေကြီးခြင်း တို့ကဲ့သို့သော အရေးပေါ် အဖြစ်အပျက်များ နှင့်စပ်လျဉ်းသော အန္တရာယ်အလားအလာများ ပါဝင်သည်။ နောက်ဆက်တွဲသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသည့် ရပ်ရွာလူထုများ/ဒေသခံပြည်သူများအပေါ် ကျရောက်နိုင်သည့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်အလားအလာများ နှင့် သက်ရောက်မှုများကို ဖြေရှင်းရန် နှင့် ထိုသို့သော အန္တရာယ်အလားအလာများ နှင့် သက်ရောက်မှုများကို ရှောင်ရှား၊ နည်းပါးစေရန် စီမံကိန်း အကောင်အထည်ဖော်သူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရှိမှုကို သေချာစွာ ဆောင်ရွက်ထားရှိစေမည့် အမိကမူများနှင့်အညီ ရေးဆွဲပြုစုထားပါသည်။

**နောက်ဆက်တွဲ - ၁၁ - နေရာပြောင်းရွှေ့ချထားရေး စီစဉ်ဆောင်ရွက်ခြင်း မူဘောင် (RPF) -** စီမံကိန်းနေရာအားလုံးတွင် နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း (SSSA)ကို ဆောင်ရွက်ရမည် (နောက်ဆက်တွဲ - ၁၆ ရှိ ToRs ကို ညွှန်းဆိုသည်)။ နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း (SSSA) လုပ်ငန်းစဉ်အတွင်း ဆန္ဒမပါသော နေရာပြောင်းရွှေ့ချထားမှု(စီးပွားရေးအရ သို့မဟုတ် ခေတ္တ ရုပ်ပိုင်းဆိုင်ရာ ဖယ်ရှားခံရမှု) ဆိုင်ရာ သက်ရောက်မှုများကို သတ်မှတ်နိုင်သော ကိစ္စများတွင် (စီမံကိန်းတွင် အမြဲတမ်း ရုပ်ပိုင်းဆိုင်ရာ ဖယ်ရှားခံရမှုကို ဖြစ်စေသော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခွင့် ပြုလိမ့်မည် မဟုတ်ပါ) နေရာပြောင်းရွှေ့ချထားရေး လုပ်ငန်းအစီအစဉ် (RAP)အား RPF ကို အသုံးပြုကာ မြန်မာနိုင်ငံ ဥပဒေမူဘောင် နှင့်

ကမ္ဘာ့ဘဏ် ပတ်ဝန်းကျင်နှင့်လူမှုရေးရာ မူဘောင်၊ အထူးသဖြင့် ESS 5 နှင့်အညီ ရေးဆွဲပြုစုရမည်။ ဤနောက်ဆက်တွဲ - ၁၁ သည် နေရာပြောင်းရွှေ့ချထားရေး လုပ်ငန်းအစီအစဉ် (RAP)ကို သတ်မှတ်၊ စိစစ် ၊ ပြင်ဆင်ရာတွင် ကူညီမည့် မူဘောင်တစ်ခုကို ဖော်ပြထားသည်။ အဆိုပါမူဘောင်ကို အသုံးပြုသောကိစ္စများတွင် ယင်းသည် နေရာပြောင်းရွှေ့ ချထားရေး မူများ၊ အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဖွဲ့စည်းထားရှိမှုများ နှင့် စီမံကိန်း အကောင်အထည်ဖော်သည့် ကာလအတွင်း စီမံကိန်း လုပ်ငန်းဆောင်တာများတွင် အသုံးပြုမည့် စံသတ်မှတ်ချက် ဒီဇိုင်းပုံစံများကို အလွယ်တကူနားလည်အောင် ဖော်ပြထားသည်။ စီမံကိန်း နေရာများ တိတိကျကျ ရွေးချယ်ခြင်းမပြုမီကပင် RPF တစ်ခုကို ရေးဆွဲဖော်ထုတ်ခဲ့ပြီးဖြစ်ရာ အဆိုပါ RPF ကို အခြေခံကာ နေရာဒေသအလိုက် နေရာပြောင်းရွှေ့ချထားရေး လုပ်ငန်းအစီအစဉ်များကို ရေးဆွဲရန် လိုအပ်ပေသည်။ ဤနေရာဒေသအလိုက် လုပ်ငန်း အစီအစဉ်များသည် စီးပွားရေး သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ဖယ်ရှားခံရမှုများရှိသော သီးခြားကိစ္စများ ဖြစ်လာသောအခါ သီးခြားလုပ်ငန်းဆောင်တာများကို လမ်းညွှန်ပေလိမ့်မည်။

**နောက်ဆက်တွဲ - ၁၂ - လုပ်ငန်းစဉ်မူဘောင် -** စီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း မြေနှင့် သယံဇာတများ အသုံးပြုမှုအပေါ် ကန့်သတ်နိုင်မှုများအား ဆန်းစစ်၍ စီမံခန့်ခွဲရာတွင် FREDIP လုပ်ငန်းစီမံကိန်းအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ် ပတ်ဝန်းကျင်နှင့်လူမှုရေးရာ မူဘောင် (ESF)၊ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ စံသတ်မှတ်ချက် ၅ (ESS 5) (မြေသိမ်းခြင်း နှင့် ဆန္ဒမပါသော နေရာ ပြောင်းရွှေ့ရခြင်း) နှင့်အညီ သတ်မှတ်ဖွဲ့စည်းထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းရှိ မြေနှင့် သယံဇာတများ အသုံးပြုမှုအပေါ် ကန့်သတ်မှုများ ဖြစ်စေသည့် မည်သည့်စီမံကိန်းအတွက်မဆို လုပ်ငန်းစဉ်မူဘောင်တစ်ရပ် (Process Framework) လိုအပ်သည်။ လုပ်ငန်းစဉ်မူဘောင် ၏ ရည်ရွယ်ချက်သည် ထိခိုက်ခံစားရဖွယ်ရှိသည့် ရပ်ရွာလူထုအဖွဲ့ဝင်များက စီမံကိန်း ဒီဇိုင်းဆင်ရေးဆွဲခြင်း၊ ESS 5 ရည်မှန်းချက်များကို ရရှိအောင်မြင်စေမည့် လိုအပ်သော အစီအမံများကို ဆုံးဖြတ်ခြင်း၊ သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း နှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့တွင် ပူးပေါင်းပါဝင် နိုင်စေရန်ဖြစ်သည်။ စီမံကိန်းဆောင်ရွက်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း လုပ်ငန်းဆောင်ရွက်မည့် နေရာအတိအကျသိရှိရပါက ဤမူဘောင်ကို ဒေသ အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်ရန် ပြင်ဆင်မွမ်းမံရန် လိုအပ်သည်။

**နောက်ဆက်တွဲ - ၁၃ - ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ရေး စီစဉ်ဆောင်ရွက်ခြင်း မူဘောင် (CPPF)**[3] **-** FREDIP လုပ်ငန်းစီမံကိန်း လုပ်ငန်းဆောင်တာများအား တိုင်းရင်းသား မျိုးနွယ်စုများ၏ အကျိုးကျေးဇူးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ သို့မဟုတ် စီမံကိန်း လုပ်ငန်းဆောင်တာများက အဆိုပါ ရပ်ရွာလူထုအပေါ် ဆိုးရွားသည့် အကျိုး သက်ရောက်မှုများ ရှိလာနိုင်သောအခါ သစ်တောဦးစီးဌာနက လိုက်နာရမည့် မူများ၊ လုပ်ထုံးလုပ်နည်းများ နှင့် စံသတ်မှတ်ချက်များ နှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်ခြင်း ဆိုင်ရာ လမ်းညွှန်မှုကို ပေးရန်ရည်ရွယ်သည်။ CPPF သည် လူနည်းစု တိုင်းရင်းသား မျိုးနွယ်စုများအပေါ် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးသက်ရောက်စေသည့် စီမံကိန်း လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် လျာထားသည့် နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက်များ၊ အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများ နှင့် ဖြစ်နိုင်ပါက ESS 7 နှင့် CPPF ထဲတွင် အသေးစိတ်ဖော်ပြထားသော စံသတ်မှတ်ချက်များအရ လွတ်လပ်စွာကြိုတင် အသိပေးတိုင်ပင်၍ ရယူသည့် သဘောတူညီမှု (FPIC) မူများကို အသုံးချခြင်း တို့ကို အခြေခံကာ ပူးပေါင်းပါဝင်သော နည်းလမ်းဖြင့် သေချာရေးဆွဲဖော်ထုတ်စေရန် ရည်ရွယ်သည်။ CPPF အသုံးပြုနိုင်စွမ်းကို လုပ်ငန်းဆောင်တာ များ စိစစ်ခြင်း (Annex 1) ဖြင့် ဆုံးဖြတ်မည်ဖြစ်ကာ နေရာဒေသ အလိုက် ဒေသခံပြည်သူများ စီစဉ်ဆောင်ရွက်မည့် အစီအမံများကို တိုင်းရင်းသားမျိုးနွယ်စုများအတွက် သင့်လျော်သလို ပြဋ္ဌာန်းချက်များ ပါဝင်စေလျက် ရေးဆွဲဖော်ထုတ်ရမည်။

**နောက်ဆက်တွဲ - ၁၄ - ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း -** စီမံကိန်း လုပ်ငန်းဆောင်တာများကြောင့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် သက်ရောက်မှုများကို ရှောင်ရှား၊ လျှော့ချရန် နိုင်ငံ၏ ဥပဒေများ၊ နိုင်ငံတကာ အလေ့အကျင့်ကောင်းများ နှင့်အညီ ရေးဆွဲပြုစုထားသည်။ ဤလုပ်ထုံးလုပ်နည်းသည် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ကျရောက်သည့် ဆိုးရွားသည့်သက်ရောက်မှုများကို စိစစ်ခြင်း၊ ဆန်းစစ်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှု အစီအစဉ် နှင့် မထင်မှတ်ပဲ တွေ့ရှိပါက လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံး လုပ်နည်းများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို ညွှန်ပြသည်။

**နောက်ဆက်တွဲ - ၁၅ - - နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း(SSSA) ပြုလုပ်ရာ တွင် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများ -** ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကြောင့်

---

[3] ကမ္ဘာ့ဘဏ်၏ ဒေသဆိုင်ရာ စံသတ်မှတ်ချက်များ အကြံပြုသူ (RFA) ၏ လမ်းညွှန်ချက်အရ CPPF သည် ESS 7 အရ ဆောင်ရွက်သော ဌာနေတိုင်းရင်းသားများ စီစဉ်ဆောင်ရွက်ရေး(အစီအစဉ်)မူဘောင်နှင့် တူညီသည်ဟု ယူဆနိုင်သည်။

သဘာဝထိန်းသိမ်းရေးနယ်မြေများမှအပ ကျန်ရှိနေသော စီမံကိန်းနေရာများကို ဆက်လက်သတ်မှတ်သွားရမည် ဖြစ်သည်။ အဆိုပါ နေရာများရှိ စီမံကိန်းလုပ်ငန်းဆောင်တာ အမျိုးမျိုး နှင့် ဆက်စပ်လျက် နေရာဒေသအလိုက် ကိစ္စရပ်များ ဆန်းစစ်ခြင်း ဆောင်ရွက်ရမည် ဖြစ်သည်။ ၎င်းတို့တွင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း၊ စီမံကိန်း အပိုင်းများ/ အပိုင်းခွဲများပါ အထူးလုပ်ငန်းဆောင်တာများ နှင့် တာဝန်ခွဲဝေမှု ဒီဇိုင်းပုံစံ၊ တိုင်းရင်းသားမျိုးနွယ်စုများ ပူးပေါင်းပါဝင်သော ကိစ္စများ၊ နေရာရွှေ့ပြောင်းခြင်းဆိုင်ရာ သက်ရောက်မှုများ၊ အခြားသော လူမှုရေးရာ ကိစ္စများ အပါအဝင် နေရာဒေသအလိုက် လူမှုဘဝ ဆန်းစစ်ခြင်းများကို ကျန်ရှိနေသော စီမံကိန်းနေရာများတွင် ဆောင်ရွက်ရန် လိုအပ်သည်။ နေရာဒေသအလိုက် လူမှုဘဝဆန်းစစ်ခြင်း ဆောင်ရွက်ခြင်းသည် စီမံကိန်းနေရာတစ်ခုရှိ စီမံကိန်းအပိုင်းတစ်ခုစီကို အကောင်အထည်ဖော်စေခြင်းအား အတည်ပြုပေးလိမ့်မည်။ ထိုသို့အကောင်အထည်ဖော်ခြင်းသည် ဒေသခံပြည်သူများအား အကျိုးကျေးဇူးရရှိစေရန် အလေးပေးလုပ်ဆောင်ပြီး သက်ရောက်မှုများကိုလည်း သတ်မှတ်ဖော်ထုတ်ကာ ကမ္ဘာ့ဘဏ် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ သတ်မှတ်ချက်များ နှင့်အညီ အကောင်းဆုံးသော လျော့ချရေးအစီအမံများဖြင့် ထည့်သွင်း အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤနောက်ဆက်တွဲပါ SSSA ဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်များသည် ရေးဆွဲပြီး ဖြစ်သည့် စီမံကိန်း လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက်တို့နှင့်အတူ နေရာဒေသအလိုက် လူမှုဘဝဆန်းစစ်ချက်(SSSA)ရေးဆွဲခြင်းကို လမ်းညွှန်ပြသပေးလိမ့်မည်။

**နောက်ဆက်တွဲ - ၁၆** - ESMF ကို ထုတ်ပြန်ခြင်းအတွက် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၏ ရလဒ်ဖြစ်သော **ဤ ESMF ရေးဆွဲပြုစုရာတွင် ဆောင်ရွက်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ အနှစ်ချုပ်**ကို ဖော်ပြထားသည်။

အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော ESFM ၊ လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း SA၊ ESCP နှင့် SEP မူကြမ်းများနှင့် ၎င်းတို့၏အနှစ်ချုပ် မြန်မာပြန်များကို အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းများအတွက် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် သစ်တောဦးစီးဌာနဝက်ဘ်ဆိုဒ် www.forestdepartment.gov.mm/ တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ စာရွက် စာတမ်းများကိုလည်း ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ဒေသဆိုင်ရာ ဆွေးနွေး တိုင်ပင်ပွဲများ (ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကြောင့် လူချင်းတွေ့ဆုံနိုင်ခြင်း မရှိဘဲ

အွန်လိုင်းမှဆက်သွယ်ခြင်းနည်းလမ်းဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သော ဆွေးနွေးပွဲများ)သို့ တက်ရောက်ရန် ဖိတ်ကြားခံရသော ပါဝင်တက်ရောက်လာသူ အားလုံးသို့ ဖြန့်ဝေထားပြီး ဖြစ်သည်။

***ဤစာသည် အပြီးသတ်ထုတ်ဝေသည့်အခါတွင် ထည့်သွင်းမည်ဖြစ်သည်***- ဤတိုင်ပင်ဆွေးနွေးပွဲများ၏ ရလဒ်များကို အခြေခံကာ ရေးဆွဲထားသည့် ကမ္ဘာ့ဘဏ်က စိစစ်ထားသော ဤစာရွက်စာတမ်းများ(အပြီးသတ်)ကို သစ်တောဦးစီးဌာန ဝက်ဘ်ဆိုဒ်နှင့် ကမ္ဘာ့ဘဏ်ဝက်ဘ်ဆိုဒ် www.worldbank.org. တို့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။